
ဆင်တဲကဖေး
ကဗျာပန်းခင်း
၂၀၀၉.၁၀
လှိုက်လှဲစွာကြိုဆိုပါ၏
ဆင်တဲ
ပန်းတောင်းမြို့နယ်
BLACK ကော်ဖီ
ချိုကျ
ပုံမှန်
ကျဆိမ့်
ရေသန့်
ရေနွေးကြမ်း
ပေါ့ဆိမ့်
sindecafe.com
SINDECAFE.COM

# မာတိကာ


၁။ ကျဆိမ့် ကဗျာများ

၂။ ပေါ့ဆိမ့် ကဗျာများ

၃။ အိုက်ကော်ဖီ ကဗျာများ

၄။ ဘလက်ကော်ဖီ ကဗျာများ

၅။ ရေသန့် ကဗျာ

၆။ ချိုကျ ကဗျာ

# တဖတ်သက် အချစ်

အမှတ်မထင် ဆုံတွေ့ခဲ့ရပေမယ့်
စိတ်အစဉ် နလုံးသားကြေးမုံမှာ
ပုံရိပ်တွေ ထင်ကျန်ရစ်ခဲ့ ရတယ်
ဒီမေ့ပျောက်မရနိုင်တဲ့ မင်းပုံရိပ်တွေကို
တသသစွဲလန်းနေရင်းနဲ့......
တစိမ့်စိမ့်တွေးနေမိတယ်
ဘာရယ်မှန်းမသိတဲ့ အားငယ်စိတ်က
ကိုယ်ဘဝကို ခြောက်လှန့်နေတယ်
ချစ်တဲ့စိတ်ကို မျိုသိပ်ထားရင်းနဲ့
ဘဝကိုလျှောက်လှမ်းနေရတယ်
အထီးကျန်စွာ တရောက်ထဲပေါ့
ဖွင့်ပြောပြချင်ပေမယ့်....
ကံအကြောင်းကဖန်လာပြန်တယ်
အနေဝေးနေပေမယ့် နလုံးသားခြင်းနီးနေသလို
တွေ့ဆုံခြင်းက တခဏသာဆိုပေမယ့်
မင်းကိုချစ်ခဲ့တာ တဘဝစာပါ
ခုတော့လည်း ကြေကွဲခြင်းတွေနဲ့အတူ
ငါမျက်ရည်တွေဟာရင်ထဲမှာ
မစဲသောမိုးတွေလို ရွာသွန်းရင်း
တိတ်တခိုးလေးပဲ ချစ်နေပါရစေ..ချစ်သူရယ်..

(ကျဆိမ့်)

# ♥♥♥♥♥ချစ်သူ♥♥♥♥♥

ကိုယ်ကမင်းရဲ့ နေမဝင်အချစ်မဟုတ်ခဲ့ရင်တောင်
ဆည်းဆာချိန်လေးမှာ ရပ်တန့်နေပါရစေ။
မင်းရဲ့ကောင်းကင်တခု မဖြစ်ခဲ့ရင်တောင်
မင်းကိုအရိပ်ပေးမယ့် တိမ်စိုင်လေးတော့ဖြစ်ပါရစေ။
မင်းဘဝရဲ့ လမင်းကြီးမဟုတ်ခဲ့ရင်တောင်
မင်းကိုလမ်းပြမယ့် ကြယ်တပွင့်တော့ဖြစ်ပါရစေ။
မင်းဘေးမှာ အချိန်တိုင်းနေခွင့်မရရင်တောင်
မင်းအနားက အရိပ်ကလေးဖြစ်ပါရစေ။
မင်းအတွက် တောက်ပတဲ့အလင်း မဖြစ်ချင်နေပါ
မင်းအတွက် ဖယောင်းတိုင် လေးတော့ဖြစ်ပါရစေ။
မင်းရဲ့ အချစ်ဦး မဟုတ်ခဲ့ရင်တောင်
မင်းရဲ့ အချစ်ဆုံးတော့ ဖြစ်ပါရစေ။
ချစ်သူ .........မင်းရဲ့စိတ်ကို
မခန့်မှန်းနိုင်ပေမယ့်
ကိုယ်ကတော့ သစ္စာဆိုရဲပါတယ်
ကိုယ်မင်းကို သိပ်ချစ်တယ်။

(ကျဆိမ့်)

# အဆုံးသတ်အိမ်မက်

တိတ်ဆိတ်တဲ့ အမှောင်ယံထဲ

တွေးတောနေရင်းနဲ

အထီးကျန်ဘဝကို နာကြည်းမိတယ်

ထားခဲ့သူ မဖြစ်ချင်သလို

ကျန်ရစ်ခဲ့သူလည်းမဖြစ်ချင်တဲ့ ဘဝမှာ

နောက်ဆုံးတော့ ထိန်းချုပ်ခြင်းတွေက

ကြေကွဲခြင်းနဲ့ အဆုံးသတ်ရတော့တယ်

မျှော်လင့်ခြင်းတွေ စိတ်ကူးယဉ်အိမ်မက်တွေနဲ

မရင်းနှီးချင်တဲ့ဘဝမှာ နောက်ဆုံးတော့လည်း

ဒီအရာတွေကအရင်းနှီးဆုံး အဖော်ဖြစ်ခဲ့ရတယ်

အချစ်ဆိုတာ ချိုမြိန်တယ်တဲ့လား....?

မျက်စိကိုစုံမှိတ် နားတွေကိုပိတ်ထားရင်း

ခါးသီးစရာကောင်းတဲ့ အချစ်ကိုပဲနှောင်တွယ်နေမိတော့တယ်။

(ကျဆိမ့်)

# အချစ်ဆုံးသူ့ကို

အချစ်ဆုံးသူ့ကို..
မြင်မြင်ချင်းကို.....ခင်ခဲ့မိသည်။
တခဏသာမြင်တွေ့ရပေမယ့်....
တသက်တာစွဲလန်းသွားသည်။
စွဲလန်းစိတ်ကြောင့်...တမ်းတမိသည်။
တမ်းတရင်းနဲ့....လွမ်းခဲ့ပါသည်။
စိတ်ဖြေလိုက်တော့...နွမ်းလျပါသည်။
နွမ်းလျအသည်း...ကျွမ်းကြေယုံကလွဲလို့...
တွေ့ဆုံခြင်းက........ဟိုးအဝေးမှာ.....

(ကျဆိမ့်)

# ဒီဘဝ နဲ့ ဒီမေတ္တာ

နလုံးသား ပွင့်ခက်
ချစ်ရည်ဖွဲ့ အပြုံးတစ်စက်
ချစ်သူ့တွက် နှင်းဆက် ...

တစ်သက်မှာ တစ်ခါ
သူ့အတွက်သာ ဒီမေတ္တာ
ခိုင်မြဲမယ့် သစ္စာ
ပြစ်ခွာရှောင်မပြေး
စိုးထင့်နစ်နာ ကြားလေသွေး
နစ်ရှည်ကြာ ချစ်ရေး
အချစ်ကြွေး ကြမ္မာ
လောင်မြိုက်စေ တစ်ဘဝစာ
သူ့နားက မခွာ

မှသားတွေ ဘေးဖယ်
မြတ်ဘုရားထံ ဆုချွေမယ်
ကြင်သူ သိစေကွယ် ...

(ပေါ့ဆိမ့်)

# စိတ်ကူးထဲကလူ

ဝေးကျန်ခဲ့တဲ့ အနီးဆုံးနေ့
ပြန်လှည့်မယ့် စိတ်ကူး
သိပ်ရှူးတဲ့လူ။ ။

မရောက်သေးတဲ့ အနီးဆုံးနေ့
မြှောက်ပေးမယ့် စိတ်ကူး
ကြိတ်ရူးတဲ့လူ။ ။

အနီးဆုံးရဲ့ အနီးဆုံးနေ့
သီကုံးမယ့် စိတ်ကူး
သိပ်ထူးတဲ့လူ။ ။

(ပေါ့ဆိမ့်)

# မြေနီလမ်း

ငွေကြယ်ရောင်မစင်
ဝေဟင်မှာ နေမမြင်ခင်
ကြင်သူ့ခြေရာထင်

သေချာအောင်ဆီးကြို
ရောင်နီပျိုမှ မှောင်ရီရို
သူ့သတင်းကချို

အလှပိုကာဆန်း
သဘာဝရဲ့ ပန်းချီခန်း
ငါတို့ မြေနီလမ်း ...

...(ပေါ့ဆိမ့်)...

# သူငယ်ချင်း

သူငယ်ချင်းရေ...
ရက်မှ လပြောင်း
လမှ နှစ်တိုင်
ဘယ်တော့မှ မမေ့ခဲ့ဘူး..
ဝေးကွာခြင်းရဲ့နောက်မှာ
ဆုံမှတ်တစ်ခုတော့ ရှိနေမှာပါ...
မဝေးတော့တဲ့ ကာလတစ်ခုအတွက်

ငါ......
သတိရခြင်းတွေကို ထွေးပိုက်လို့....
တွေ့ဆုံခြင်းဆိုတဲ့ `ဆုံမှတ်´ ကို....
လှမ်းနိုင်ဖို့ ကြိုးစားနေတယ်...
ဆုံတွေ့ပါရစေ...
သူငယ်ချင်းရယ်....

(အိုက်ကော်ဖီ)

## နေဝင်ချိန်

ဆည်းဆာက
ညနေခင်းတစ်ခုကို
စုတ်ချက်ကြမ်းကြမ်းနဲ့
စိတ်ကြိုက် အလှဆင်ချိန်

တရွေ့ရွေ့နိမ့်ဆင်းလာတဲ့ နေလုံး
တို့ နှစ်ဦးကြား
ဓားလွယ်ခုတ် ဝင်ခုတ်ချိန်
တို့ ... အချစ်တွေ
နေဝင်ခဲ့တယ် ။ ။

တကယ်ဆို
နင်မုန်တယ် ငါလဲမမှားဘူး.....

ကိုယ်ယုံကြည်ရာ ကိုင်စွဲ
ခင်းခဲ့တဲ့ဒီစစ်ပွဲ
မာနတွေတလူလူလွှင့်ရင်း
အဆုံးထိ တိုက်ကြမယ်

(ဘလက်ကော်ဖီ)

## ဝမ်းနည်းမှတ်တမ်း

အင်္ဂါနေ့ တစ်နေ့
မနက်ခင်းတစ်ခုမှာ
အားလုံးကိုထားခဲ့ပြီး
သူ...ထွက်သွားခဲ့တယ်

သူ…ရက်စက်လွန်းတယ်
ဘာမှမပြင်ဆင်နိုင်သေးခင်
ဘာသံမှမပေးဘဲ
ရုတ်တရက်ထွက်သွားခဲ့တာ

ကျန်ခဲ့သူတွေမှာသာ
ဝမ်းနည်းခြင်းမိုးတိမ်တွေ ပြိုကျ
ကိုယ်စီကိုယ်စီ မျက်ဝန်းတွေ
ကြေကွဲစွတ်စိုလို့

ငွေ့ ရည်မဖွဲ့
မျက်ရည်ပူတွေပဲ ရွာတဲ့မိုးက
ဒီရင်ခွင်တစ်ခုလုံးကို
မစိမ်းလန်းစေနိုင်ဘူး

သူ့ ကိုမမေ့နိုင်သေးသလို
အဲဒီနေ့ ကိုလဲ မမေ့နိုင်သေးဘူး
အားလုံးသာသာယာယာ ရှိနေချိန်မှာ
သူ…ထွက်သွားခဲ့တာ

သူ့ …ကိုလဲ အပြစ်မတင်ပါဘူး
သူလဲ သွားချင်လို့
ထွက်သွားခဲ့တာမှမဟုတ်တာ
သွားချိန်တန်လို့ သွားခဲ့ရတာပဲ

ကံကြမ္မာကိုယိုးမယ်ဖွဲ့ ရင်း
သူ့ …ကိုဂရုမစိုက်မိတဲ့
ကိုယ့်ကိုယ်ကိုပဲ အပြစ်တင်တယ်
ခွင့်လွှတ်ပါ အစ်မရယ်။ ။ (ဘလက်ကော်ဖီ)

# တိတ်တခိုး

တကယ်ဆို
အငြင်းခံခဲ့ရတာ မဟုတ်ဘူး
ကိုယ်တိုင်ကိုက မပြောဖြစ်ခဲ့တာ

ဒီမျက်ဝန်းအကြည့်တွေကို
နားမလည်နိုင်သေးသမျှတော့
ရင်ထဲက စကားတွေကို
ကြားနိုင်မှာ မဟုတ်ဘူး

ဘဝတလျှောက်
ရစ်ပတ်ခဲ့တဲ့ အဖြူရောင်ကြိုးတွေက
ရိုးရှင်းသလောက် ရှုပ်ထွေးတယ်
ဆွံ့အခဲ့တဲ့ နှုတ်ခမ်းတစ်စုံကြောင့်
နောက်ကျခဲ့ရတဲ့ ခြေလှမ်းတွေ

တိတ်တခိုးရှာသွန်းခဲ့တဲ့
မျှော်လင့်ခြင်းတွေက
ဘယ်သူ့ အတွက်မှ အသုံးမဝင်တဲ့
မိုးပြေးတစ်ခုပေါ့

တိတ်တခိုး....ကြည့်
တိတ်တခိုး....ချစ်
တိတ်တခိုး....လွမ်းခဲ့ရတဲ့
တိတ်တခိုး....ချစ်ရသူရယ်
တိတ်တခိုးလေးပဲ စွန့် လွှတ်ခဲ့ပါ့မယ်။ ။

(ဘလက်ကော်ဖီ)

# ငှါရဲ့ မနက်ဖြန်

ပတ်ဝန်းကျင်
စကားလုံးမုန်တိုင်းတွေကြောင့်
ဂျစ်ပစီဆန်ဆန်
လေလွင့်ခဲ့ရတယ်
လောကလမ်းတွေထဲ
ကိုယ့်ကိုယ်ကိုချနင်း
ကိုယ့်လမ်းကိုယ်ခင်းခဲ့ရတယ်
လောကဓံလှိုင်းတံပိုးတွေကြား
စနစ်တကျမျောလွင့်ရင်း
စုတ်ချက်ကြမ်းကြမ်းနဲ့ ရေးဆွဲခဲ့တဲ့
ဘဝစာမျက်နှာတစ်ချပ်
ဒဏ်ရာပရပွနဲ့ ပရမ်းပတာ
လှုပလာတဲ့နေ့
ခယောင်းတောတွေ
ပြန်လျှောက်ဖို့ ကတော့
ခြေဖဝါးတွေကနုးညံ့ခဲ့ရပြီ
တရွှေ့ရွှေ့ခုတ်မောင်းနေတဲ့
နာရီလက်တံတွေ
နောက်ပြန်မလည်သရွေ့ကတော့
ဘဝအချိုးအကွေ့ တွေမှာ
ကိုယ့်ကိုယ်ကိုမောင်းနှင်ရင်း
ကြံ့ခိုင်ရာတက်နဲ့ လှော်ခတ်
ငှါမနက်ဖြန်တွေကိုအမှီလိုက်ဖို့
အတိတ်ကိုခဏမေ့ထားမယ်။ ။

(ဘလက်ကော်ဖီ)

# ရွာအဝင်လမ်း

သူငယ်ချင်း
မွေးဖွားခဲ့သမျှ ပြန်ထွေးပိုက်ဖို့
မွေးရပ်မြေက ကြိုဆိုနေတယ်။ ။

အချိန်တန်လို့ ပဲ ပြန်လာလာ
အချိန်မတန်ခင်ပဲ ပြန်လာလာ
အဆင်ပြေလို့ ပဲ ပြန်လာလာ
အဆင်မပြေလို့ ပဲ ပြန်လာလာ
ဘာအကြောင်းကြောင့်ပဲ ပြန်လာလာ
ရွာအဝင်လမ်းက ရင်ဖွင့်လျှက်ပါ
သူငယ်ချင်း။ ။

(ဘလက်ကော်ဖီ)

# ဆင်တဲမြို့လေး

နဝဒေးရဲ့

ခမ်းနားမှုကိုမြင်တိုင်း

ဆင်တဲမြို့လေးရဲ့

ဆုံးရှုံးမှုအတွက် ကြေကွဲရတယ်

နဝဒေးကြောင့်

လူအများအဆင်ပြေလို့

ဝမ်းသာရပေမယ့်

ဆင်တဲမြို့လေးက

လူနည်းစုအတွက် ကြေကွဲရတယ်

အတိတ်ကထည်ဝါမှုတွေ

လုယူခံလိုက်ရလို့

အထီးကျန်နေပေမယ့်

ငါတို့ကို

အရင်အတိုင်း

နွေးထွေးစွာပိုက်ထွေးထားဆဲ

ဆင်တဲမြို့လေးကို ငါ...အရမ်းချစ်တယ် (ဘလက်ကော်ဖီ)

## လမ်းခွဲစကား

ရင်နှစ်ခြမ်း

ဖြန်းဖြန်းကွဲမှ

အသံကွဲမှန်းသိတဲ့

ငါလူမိုက်

အကြည့်စိမ်းစိမ်းတွေ

ပိုင်ဆိုင်လာတဲ့တစ်နေ့

စကားလုံးတွေ

အေးစက်ခဲ့တာမဆန်းဘူး

တစ်လမ်းထဲ

အတူတူသွားဖို့ မဖြစ်နိုင်တဲ့နောက်

လမ်းခွဲကြရုံပေါ့

မျှော်လင့်ချက်နဲ့

ဂဝံတောင်ထိပ် ပျိုးကြဲမိတဲ့

ငါက... မှားခဲ့တာပါ

(ဘလက်ကော်ဖီ)

# ခေတ်တစ်ခေတ်

စိတ်ကူးတွေ

အရောင်တောက်မလာသရွေ့

ငါ့ကိုယ်ထဲ ပြန်ခွေနေမယ့်

အိပ်မက်တွေ

အသက်ဝင်မလာသရွေ့

ငါ့ကိုယ်ငါ လူလုံးမပြဘူး

တစ်ခေတ်ပြီးတစ်ခေတ်

ပြောင်းနေတဲ့ခေတ်မှာ

ငါ့ခေတ်တော့ရောက်လာဦးမှာပေါ့

စိတ်ကူးအိပ်မက်တွေ

အသက်သွင်းနိုင်တဲ့တစ်နေ့

ငါ့ခေတ်ကို ထူထောင်မယ်။ ။

(ဘလက်ကော်ဖီ)

## ချိုသောအနမ်း

ထွေးခန် အငွေ့

ထွေးခန် အတွေ့

နွေးခန် ခံစားမှုအောက်

ချိုသော အနမ်းတစ်ခု

ဖူးပွင့်ခဲ့တယ်။ ။

(ဘလက်ကော်ဖီ)

## အချစ်စစ်

ဘဝတလျှောက်
ငါစိုက်ပျိုးခဲ့တဲ့ အချစ်က
တစ်ပွင့်တည်း
ငါလျှောက်ခဲ့တဲ့ အချစ်က
တလမ်းမောင်း
အရာရာပြောင်းလဲနေတဲ့ခေတ်မှာ
မပြောင်းလဲတာ ငါ့အချစ်
ပေတသီး ကျီးတသား
ကမ္ဘာ့ဘတည်သရွေ့
ငါ့အချစ်က
မင်းအတွက်ပါ ကောင်မလေးရယ်။ ။

(ဘလက်ကော်ဖီ)

# နှလုံးခုန်သံ

အကြောင်းအမျိုးမျိုးကြောင့် ဆိုတာကြီးကြောင့်

မြန်မာပြည်ကိုပြန်ရောက်

ပိုးစုန်းကြူးလို မီးရောင်အောက်

မျက်ရည်တွေကို သောက်နေရပြီ ...

အံကိုကြိတ်ပြီး မျိုချနေရတဲ့

ခံစားချက်ပေါင်းများစွာက

ကျနော်ရန်ထဲမှာ ရန်ကုန်မိုးလို

ဘယ်လိုကြီးမှန်းမသိ နေရခက်လိုက်တာ ...

ရင်ဘက်ထဲကခံစားတတ်တဲ့အရာကြီး

အပြင်ကိုထုတ်ပစ်လိုက်ချင်ပေမယ့်

အာဂျား အာဂျား ဝိုက်တင်း လို့

အားပေးတတ်တဲ့ ချစ်သူလေးကြောင့် ဖြစ်တာမို့

ထုတ်မပစ်နိုင်သလို ထုတ်မပစ်ရက်ဘူးလေ ...

အစွမ်းအစရှိတဲ့ ပုဂ္ဂိုလ်တို့ရေ

ဖြစ်နိုင်မယ်ဆို တစ်လလောက်

ဒါမှမဟုတ်တစ်ပတ်လောက် ဒါမှမဟုတ် တစ်ရက်လောက်

ဒါမှမတတ်နိုင်ရင် တစ်နာရီလောက်တော့

အတူတူနေနိုင်အောင် ဖန်တီးပေးပါလားဗျာ ...

မသေချာတဲ့ မနက်ဖြန်များမှာ

ကျနော်တို့ ပေါင်းစည်းခွင့်

ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ

သေချာတာကတော့ ချစ်နေမယ်ဆိုတာပါပဲ ...

ကျနော်တောင်ဒီလောက်ခံစားနေရရင်

အသည်းလေးကပိုခံစားရမယ်ဆိုတာသိနေလို့

သနားလိုက်တာ အသည်းလေးရာ ...

အသည်းလေးရေ

ကျနော်တို့က

မချစ်လို့မှမဟုတ်တာ ...

အသည်းလေးရေ

... ... ... ...

... ... ... ...

(ရေသန့်)

## မမေ့နဲ့နော်

မိုးကုတ်စက်ဝိုင်း အနောက်ဘက်ဆီသို့
လိမ္မော်သီးကြီး ပြုတ်ကျပြန်ပြီး
ပြုတ်ကြပြန်သော လိမ္မော်သီးကြီး
နောက်ထပ်ဘယ်နှစ်ကြိမ် မြင်ခွင့်ရှိမလဲ
မြင်ခွင့်ရှိမယ့် နောက်ထပ်အကြိမ်တွေ
တန်ဖိုးရှိစွာ အသက်ရှင်ပါ
အသက်ရှင်နေမှ တန်ဖိုးရှိဖို့
ဝင်လေထွက်လေ သိနေပါ
သိ၍နေသော ဝင်လေထွက်လေ
သံသရာခရီးအဆုံး နိဗ္ဗာန်ဆီ … မို့
မ မေ့ နဲ့ နော်

(ရေသန့်)

## မွေးနေ့

ဘဝမပြောင်းခင်

နှစ်စဉ်တိုင်းမှာ

ရောက်လို့လာမှာ

မိဘများက

မွေးထုတ်လိုက်တဲ့

မွေးနေ့ပါ ...

ဘဝမပြောင်းခင်

နေ့စဉ်တိုင်းမှာ

ကိုယ့်ကိုယ်တိုင်က

မွေးထုတ်မှသာ

ရောက်လို့လာမှာ

ကုသိုလ်ဆိုတဲ့

မွေးနေပါ... (ရေသန့်)

# အာရုံ = အာရုံ

ပုဏ္ဏားခြောက်ယောက် ကိုင်မိတဲ့ ဆင်ခန္ဓာ

ပိုင်လုပြီအထင်နဲ့ ဆင်ကို အမိပွါယ်ဖွင့်

ကိုယ်ထင်ရာ ပုံစံမျိုးစုံနဲ့

အားလုံးတလွဲ မျက်စိမှမမြင်ပဲ

ဒုက္ခနှံ့ထဲ

ဆင်ဟာ ...

ဆင်ပါပဲ ... ...

ဒွါရခြောက်ပေါက် ဆိုင်မိတဲ့ အာရုံများ

ပိုင်လုပြီအထင်နဲ့ အာရုံကို အမိပွါယ်ဖွင့်

ကိုယ်ထင်ရာ ပုံစံမျိုးစုံနဲ့

အားလုံးတလွဲ မျက်စိမှမမြင်ပဲ

မောဟနှံ့ထဲ

အာရုံဟာ....

အာရုံပါပဲ....

(ရေသန့်)

## အာနာပါန

ထမင်းအသက်

ခုနစ်ရက်

ရေအသက်

တစ်မနက်တဲ့

လေအသက်ကတော့

တစ်မိနစ်တောင်မှ

အနိုင်နိုင်ရယ်ပါ ... ...

ရှုလို့ရတုန်းလေး

မသေခင်သတိနဲ့

ရှုထားမှ ... ...

"ဝင်တယ်၊ ထွက်တယ်"

"အေးတယ်၊ နွေးတယ်"

"နေးတယ်၊ မြန်တယ်" (ရေသန့်)

# ဇာတိ

အစာသစ်ကို ခေါင်းပေါ်ရွက်

အစာဟောင်းကို ဖင်ခုထိုင်

ခါးရိုးကိုဦးတိုက်

ဝမ်းဗိုက်ကိုကျောမှီ

အဝတ်ဗလာ စားစရာနတ္ထိ

ဆယ်လက်မပတ်လည် ပုံစံခွက်

မဲမှောင်အခန်းကျဉ်းလေးထဲ

ပိုးမျိုးရှစ်ဆယ် အန္တရာယ်နဲ့

ကိုးလကျော် ဆယ်လထဲ

အကျဉ်းချခံရ ဝဋ်ဒုက္ခ

ဒါလူ့ဘဝအစမို့

ဩော် ...

လူ့ဘဝ အစ ...

ဇာတိပိဒုက္ခာပါလား ...

(ရေသန့်)

# ဘဝအဖော်

အိမ်မက် မက်ခြင်းမှုနိုးထ

လက်တွေ့ ဘဝထဲရုန်းကြွဖို့

နေ့ တစ်နေ့ ရဲ့ အစဟာ

သူ့ အသံပါ .....

တစ်ခါတစ်လေတော့ လည်း

သူနဲ့ ကင်းကွာ လွတ်လပ်စွာ

နေချင်ပေမယ့်

သူမရှိလို့ မဖြစ်တာ

ကျနော့် ဘဝပါ .....

လုပ်ငန်းခွင်ဝင်ကထဲက

ယုံကြည်မှု့ တွေပေးအပ်

သူနဲ့ အတူတူအိပ်စက်ခဲ့ တာ

နေ့ စဉ်ရက်စက်ပါ .....

ရက် လ နှစ် ရေစီးကြောင်း

ဆယ်စုနှစ်တစ်ခုပြောင်းသွားလည်း

သူ့ ခမျာတာဝန်မပျက်

အချိန်မှန် နိုးထစေခဲ့

ကျေးဇူးတင် ပါတယ်

(ရေသန့်)

**ဇရာ**

ရှာတော့မယ် မိုးတိမ်လို

တလိမ့်လိမ့် ၊ တသိမ့်သိမ့် …

စီးဆင်းဆဲ ရေတံခွန်လို

တဝေါဝေါ ၊ တသောသော …

လောင်ကျွမ်းဆဲ တောမီးလို

တမြေ့မြေ့ ၊ တရွေ့ရွေ့ …

လောက်အုံတဲ့ အပုတ်ကောင်လို

တရှုရှု ၊ တမွမွ …

ချိန်ခါမလပ် တရစပ်

ရုပ်နာမ်ခန္ဓာတွေ ပြိုနေပုံက

တလိမ့်လိမ့် ၊ တသိမ့်သိမ့်

တဝေါဝေါ ၊ တသောသော ...

နပျိုခြင်းတွေ ပြိုနေပုံက

တမြေ့မြေ့ ၊ တရွေ့ရွေ့

တရွရွ ၊ တမွမွ နဲ့

သြော် ...

ကျနော် ...

လူ ပြို ကြီး ပါလား ...

(ရေသန့်)

# သိဖို့လို့

ငါကိုယ်တိုင်ထွင်းထုထားတဲ့
ဟောဒီအချစ်ကဗျာရုပ်ထုတွေပေါ့
နှလုံးသားရဲ့ခန်းဆီးစကိုဖွင့်ပြီး
လောကထဲကိုကိုယ်တိုင်ပစ်သွင်းမိတဲ့အခါ
မရှိခိုးနိုးတွေ သက်ာမကင်းတဲ့မျက်ထောင့်နီတွေနဲ့အတူ
သံသယတွေအလံထူပြီး ဝေဖန်ဖို့တာဆူနေကြရဲ့
နောက်တစ်ခါဆိုရင်ပေါ့
အချစ်ကဗျာဆိုတာထက် ဘယ်လိုမတ္တာမျိုးလဲလို့
သစ္စာအရင်ဆိုပြရမလိုပါပဲ......။

တစ်ကယ်တော့ဒီသံစဉ်တွေမှာ ငါယစ်မူးလို့
ငါ့ကိုယ်ငါပြန်သီကျူးတာ
ကြည်နူးချင်တဲ့ရင်ဘတ်ခြင်းတူသူတွေ ကြည်နူးကြမပေါ့
တစ်ခါတစ်လေပေါ့ ကိုယ်ထမင်းကိုယ်စား
ကိုယ်ပိုင်ရူးသွတ်မှုတွေကြားမှာ
တိုက်ခတ်လာတဲ့လေတွေကို
ခရီးဦးကြိုမပြုချင်လောက်အောင်ကို
စိတ်ပျက်မိတယ်.....။

ခင်ဗျားပြောသလိုပဲ ဒီအသက်ဒီအရွယ်က
အချစ်ကဗျာမရေးသင့်ရအောင်
ဒီကောင်ကဘာဖြစ်နေလို့ပါလိမ့် ။
တစ်ခုလောက်မေးပါရစေ.....
၃၀ စပ်စပ်မှာအချစ်မရှိရအောင်
ဒီကောင်ကတုတ်နှောင်ခံထားရတဲ့

အိမ်ဦးနတ်လည်းမဟုတ်
မချစ်သင့်တာနဲ့အချစ်မရှိရတာ
ဘာကွာသလဲဆိုတာ ဦးနှောက်ကိုအလုပ်ပေးပြီး
အေးအေးဆေးဆေးစဉ်းစားပါ
ကိုကိုယ်တိုင်ပေါ့.....။

ကိုယ်ယုံကြည်ရာကိုင်ဆွဲခံစားမှုတွေနဲ့
ကျို့တို့ကျဲတဲကဗျာတွေထဲမှာ
ကျွန်တော်ဟာ ကတုံး တုံးမထားပါဘူး
ရေးခဲ့တဲ့အချစ်ကဗျာတွေထဲမှာ အဆိပ်ခပ်မထားဘူး
ခံစားမိတဲ့နှလုံးသားက လှေနံနှစ်ဖက်နင်းမဟုတ်ဘူး
ရေးခဲ့တဲ့လက်က အငှားသက်သက်မဟုတ်ဘူး
တွေးခဲ့တဲ့ဦးနှောက်က လူနှစ်ယောက်စာအတွက်မဟုတ်ဘူး
မူးမောက်လဲကျခဲ့တာက သစ်တစ်ပင်ရိပ်
အကျိုးအကြောင်းထောင့်ချင့်တာက စိတ်ရဲ့အကျင့်
ဖြစ်သင့်တာ မဖြစ်သင့်တာ ငါ့ကိုယ်ငါသိတယ်

အဲဒီတော့ ဝင်လာထွက်သွားဝေဖန်မှုထားခဲ့မယ်ဆို
တစ်စုံတစ်ယောက်ဆိုတဲ့ ခင်ဗျားပါသိဖို့လိုတော့မပေါ့........။

(ချိုကျ)

# ကျွန်တော်သံစဉ်ညှိတဲ့ချစ်သူရဲ့တေးသွားတစ်လက်

ချစ်သူကိုယ်တိုင် မရေးတဲ့ဇာတ်လမ်းထဲ
ကျွန်တော့်ကိုယ်ကျွန်တော် နည်းနည်းနဲ့ ကျဲကျဲပဲ လင်းခဲ့တယ်.........

ချစ်သူက ဖြူစင်လွန်းလို့ ကိုယ့်ကိုကိုယ်ပဲ ပြန်ဆေးခြယ်လိုက်တယ်
ဒီလိုနဲ့ပဲ ချစ်သူရဲ့ ပဟေဠိပုံမှာ ကျွန်တော်ဟာ လူလုံးမကွဲဘူး.....

ကျွန်တော်ကတော့ ချစ်သူ့အကြောင်း ညတိုင်းတွေးတယ်
ချစ်သူရဲ့ အတွေးထဲမှာတော့ ကျွန်တော့် တစ်ကိုယ်စာ နေရာလေးအတွက်
ဒူးဖက်ပြီး တောင်းပန်ရမလိုပါပဲ........

ရုပ်သက်သက်ပဲရှိတဲ့ ချစ်သူရဲ့ အကိုင်းအခက်အချို့ကို
ကျွန်တော်တွဲလွဲ ခိုစီးတော့ ဂစ်တာလေးက ငိုချင်းချတယ်
ဒါကြောင့် ညညတွေဆို သံစဉ်တွေပြိုဆင်းကျတယ်......

ညက ချစ်သူကို အိမ်မက်မက်တယ်
ချစ်သူနဲ့ ကျွန်တော် ကြယ်တွေရဲ့ သံစဉ်နဲ့ လမျက်နှာပြင်ပေါ်တက်ပြီး
ပြီးပြီးပျက်ပျက် နှစ်ယောက်အတူ လင်းလက်ခဲ့တယ်
ပျော်လားလို့ ကျွန်တော်ကမေးတော့ ချစ်သူကပြုံးပြပြီး
ကျွန်တော့်နားကို စကားတိုးတိုး ကပ်ပြောတယ်
ဒါပေမယ့် ကျွန်တော် ဘာမှမကြားခဲ့ရဘူး........

ဒီလိုပါပဲ ထင်မှတ်မထားတာတွေ ဖြစ်တတ်လွန်းတော့
ကိုယ့်ကြမ္မာ ကိုယ်ပြန်မှင်တက်မိတဲ့အခါ ကျွန်တော်ဟာ ကျွန်တော်မဟုတ်သလိုပါပဲ.....

ချစ်သူကိုချစ်လွန်းလို့ ကျွန်တော့်ကိုယ် ကျွန်တော် နာကျင်စေမိပြန်တယ်
ဒါကြောင့် စိတ်ရှုးစိတ်နှမ်းနဲ့ အတွေးတွေကိုထမ်းပြီး
အခန်းလွတ်တစ်ခုထဲမှာ ကျွန်တော်လွမ်းနေရတယ်.........

ညညဆို ချစ်သူအကြောင်းကို ကလောင်တစ်ချောင်းနဲ့ ထုစစ်တော့
inspiration တွေကသွေးချင်းချင်းကျပြီး ကဗျာတစ်ပုဒ်ရပေါ့........

ဒီနေ့တော့ ချစ်သူရဲ့ဗလာ ရယ်သံကြားမှာ ဦးနှောက်က ခပ်ဝါးဝါးပဲရှင်ပြီး
ကျွန်တော့်စိတ်ကို ကျွန်တော် သွားကြားပြန်ညှပ်နေလိုက်တယ်
တစ်ကယ်ကို ခိုးလိုးခုလုပါပဲ.........

ချစ်သူထွေးထုတ်လိုက်တဲ့ အတွေးညစ်ညစ်တွေထဲမှာ
ကျွန်တော့်ဘဝဟာ မှင်မပါပဲ အခြစ်ခံခဲ့ရတယ်
တစ်ကယ့်ကိုဗလာနတ္ထိ.........

ဒီနေ့တော့ ချစ်သူဝိုနေတယ် ကြိုတင်အကြောင်းမကြားပဲ
မျှော်လင့်ခြင်းတွေ ခရီးထွက်သွားလို့တဲ့
တိတ်ပါတော့ကလေးရယ် ဆိုပြီး ကျွန်တော့်ကိုယ် ကျွန်တော်ပြန်ချော့တယ်
ဒါကြောင့် ချစ်သူဝိုရင် ကျွန်တော့်မိုးတိမ်တွေပါ ပြိုတယ်.........

ညကချစ်သူက ပုံပြင်တစ်ပုဒ်ပြောပြတော့ ကျွန်တော့်ဝမ်းသာမှုတွေ စောတယ် အဲဒီညမှာ
ချစ်သူက အပြောအဟောကောင်းလို့ အဲဒီည စိတ်နဲ့ကိုယ်အကြောင်းအပေါင်း
နည်းနည်းသင့်တယ်.......

ချစ်သူက တေးသွားတစ်ပုဒ်မှာ နှစ်ချိုက်တော့ ကျွန်တော့်မှာ ဘာတူရိယာမှမရှိလို့
လက်ခုပ်နဲ့ပဲ စည်းဝါးလိုက်ပေးခဲ့ရတယ်
ဘယ်သူကမှ ဂရမ်မီ ဆုမပေးသလို ကျွန်တော်တို့ကလည်း ခုနစ်သံချီနဲ့ မဟာစ်ကြွေးဘူး.......

ချစ်သူကို ကျွန်တော်ချစ်လွန်းလို့ သံစဉ်ညှိရင်း ကြိုးတွေတင်းခဲ့မိတယ်
ဒါကြောင့် ချစ်သူနဲ့ ကျွန်တော့်ကြား တေးသွားတွေမာကြောခဲ့ရတယ်.......

တကယ်တော့ ကျွန်တော်ဟာ ကြယ်တစ်ကောင်ရဲ့အလင်းနဲ့ အမှောင်မှာလမ်းလျှောက်ခြင်း
သီအိုရီကိုလေ့လာဖို့
သင်ပုန်းကြီးမကြေတဲ့ ကလေးငယ်တစ်ယောက်ရဲ့ မှတ်စုစာအုပ် သက်သက်ပါပဲ............

ဒီလိုနဲ့ပေါ့ အချိန်သုံးပါးထဲမှာ ချစ်သူနဲ့ကျွန်တော် ချစ်သူတွေမဖြစ်ကြဘူး
အဲဒါကြောင့် နေ့ရက်တိုင်းမှာ ချစ်သူကိုချစ်တဲ့စိတ်နဲ့  အိပ်နေလိုက်တော့တယ်.......

(ချိုကျ)

# တောင်စွယ်နေမကွယ်ခင်

ရောင်နီတွေအနောက်ဆီယွန်းတော့
ဗျည်းသရသံခွန်းကြီးခွန်းငယ်နဲ့
စိတ်နယ်ပယ်ကိုအလံထူတော့
ချစ်သူရဲ့သံစဉ်အပျော့မှာ
တေးသံတွေကျော့ရပေါ့အလီလီ

စိတ်ကူးတောင်စဉ်ခုနစ်ထပ်ရယ်က
ရှုးရအောင်လူကိုဖန်လေတော့
သူ့သံစဉ်သူ့ရင်ပြင်ပေါ်မှာ
ဒူးထောက်ကာခါခါပြုံယိုင်လဲ
မိုးတွေရယ်သဲခဲ့ပေါ့...ဒီရင်ခွင်

ကံကြမ္မာမပီပြင်လေသမျှ
ကြင်နာသူဘယ်သူဘယ်ဝါဆိုတာ
ပြောလို့ရယ်မဖြစ်နိုင်တော့
မိုးရိပ်ဆွေလေအနှော့မှာ
ကြယ်ကြွေလင်္ကာကဗျာအချို့နဲ့
ပျို့ရင်ပြင်နယ်တစ်ခွင်မှာ
သူစိမ်းပြင်ပြင်ထိုဇာတ်ကိုဆင်လို့
ရင်တစ်ခွင်ကျွမ်းလောင်နစ်အောင်
ကြိုးကွင်းကိုခါခါရစ်တော့တယ်
တောင်စွယ်နေမကွယ်ခင်မှာပေါ့.........။

(ချိုကျ)

## ငမိုက်သားနဲ့ကောင်းကင်ယံ

ငါ့အတွက်တော့ အချစ်ဆိုတာ
တစ်ဖက်တစ်ခြမ်းနဲ့ ရင်ကွဲအောင်လွမ်းရတာ
တစ်ဖက်သက်ဆန်လွန်းလို့ စကားလုံးအချို့
လည်မျိုဝမှာတင် တစ်ဆို့ခဲ့ပေါ့

ကောင်းကင်လေးရယ်...............
ကံကြမ္မာတွေခလုပ်တိုက်ပြီး
ကြယ်စင်တွေ ဆိုက်ဆိုက်မြိုက်မြိုက် ချွေချပေးမယ့်
ငါ့ရဲ့ပန်းနုရောင် နေ့ရက်တွေကို
ခရီးဦးကြိုပြုရင်း မျှော်လင့်ခြင်းနဲ့ ခရီးဆက်မယ်

တကယ်တော့ ငါ့ဘဝဟာ
ပျံသန်းခွင့် မရတဲ့တောင်ပံတွေနဲ့အတူ
လေးသည်တော်တွေကို စောင့်ဆိုင်းနေရတဲ့
သေအံ့ဆဲဆဲ ငှက်တစ်ကောင်.............

တစ်ခါတလေပေါ့
သေတော့မယ့်ဘဝထဲ ရှုံးသွပ်မှု့တွေထည့်ပြီး
အိပ်ရာထက်မှာ ငါကမ္ဘာပတ်တယ်
ကောင်းကင်နဲ့အတူ............

ဒီလို့နဲ့ပဲ ကောင်းကင်ရဲ့အသံထဲမှာ
ငါ့ကိုယ်ငါ ပြန်ဖျော်ချ
စိတ်ကူးတွေကိုမှိုင်းတိုက်
အတိတ်တွေကိုမြေလှန်
တစ်ဖက်သက်ဆန်စွာ ချစ်နေရတော့
ဩော်......ငါ့ဘဝဟာ စိတ်ကူးတွေထဲ
တဖန်တလဲ ပြန်ပြန်နစ်နေစဲပေါ့............

တကယ်တမ်းတွေးကြည့်တော့
ကောင်းကင်ကပေးမယ့် အလင်းတစ်စ
ကောင်းကင်ကကြွေမယ့် ကြယ်တစ်ပွင့်
ကောင်းကင်ကပေးမယ့် နွေးထွေးမှု့တစ်စက်ကို
ကံကြမ္မာအိပ်ထောင့်ထဲက သွားနှိုက်မိတဲ့
ငါ.......မိုက်သားသက်သက် ပါပဲလေ.....။

(ချိုကျ)

# မြစ်ကျိုးအင်း

မဝေးသေးတဲ့ရာဇဝင်ထဲက နေ့တစ်နေ့မှာပေါ့
အမည်ဖော်မရတဲ့ ခံစားမှုတစ်ချို့နဲ့အတူ
ငါ့နှလုံးခုန်သံတွေ တလက်လက်တောက်တယ်
တိမ်မဲတွေဖုံးအုပ်နေတဲ့ ငါ့ရဲ့စိတ်အတွက်တော့
ဗီးနပ်စ်ရဲ့နက္ခတ်နဲ့ကြယ်စင်တွေ လက်သလိုပ

အို… ကောင်းကင်လေးရယ်
ရှေးရိုးစွဲအတွေးတွေနဲ့ တံတိုင်းတွေကိုငါ
ထပ်ခါထပ်ခါဦးညွှတ်မိပေါ့
မြစ်ကိုအလျားလိုက် အတူစီးမျောရင်း
စိတ်ရေသေတွေနဲ့အတူ တွေဝေမှုတွေထဲ
ငါကြီးပြင်းတယ်….

ညတွေရယ်မြန်မြန်လာပါ ကဗျာတွေခေါ်မလာပါနဲ့တော့
စိတ်ကူးတွေနဲ့ရှုးရလွန်းလို့ သံစဉ်တွေကိုရူးဆွတ်ရတာ
ဂစ်တာကြိုးတွေတောင် ရှူးသွပ်ကုန်ကြပြီ
ဒီလိုပါပဲ… ကောင်းကင်ရဲ့အသံထဲမှာ
ထပ်ခါထပ်ခါလဲကျ
ထူမမယ့်ကံဇာတာ တစ်စတလေတောင်မှ
ငါမတွေ့ခဲ့ရဘူး

တစ်ကယ်တော့ အရပ်လေးမျက်နှာဆိုတာ
ရည်ရွယ်ချက်ပျောက်ဆုံးခဲ့ရတဲ့ ငါ့အတွက်တော့
သက်မှတ်ချက် သက်သက်ပါပဲလေ
တွေးရလွန်းလို့စိတ်ကူးတွေ အရောင်မှိန်
လျှောက်မယ့်လမ်းကမလှပ
ကြယ်ကြွေကျတဲ့စုန်းတောက်ညတွေကို စစ်ခင်းဖို့က

တကယ်တော့ ငါ့ဘဝဟာ......
စီးချင်တိုင်းစီးမရတဲ့
မြစ်ကျိုးအင်းတစ်ခုမျှသာ....။

(ချိုကျ)

## အတ္တနဲ့ယှဉ်တဲ့ငါ့ချစ်ခြင်း

အသက်တွေကြီးလာတော့ အတ္တတွေပါပိုကြီးလာတယ်
ချစ်တာတွေကိုထိန်းမရလို့
သူ့နှလုံးသားကိုတံခါးသွားသွားခေါက်ရတာ
ငါ့ကိုယ်ငါပြန်တွေးကြည့်တော့
အတ္တအရေခွံကတော်တော်ထူနေပြီ
မြစ်တစ်စင်းရယ်ကမ်းစပ်ရယ်ဆိုတာ
အမြဲတမ်းထိတွေ့နေပေမယ့်
ကိုတံငါလို လိုချင်တာရှိလို့
မြစ်ကိုသွားသွားပြီးတံခါးခေါက်တာတော့
လွန်တာပေါ့တဲ့........

အချစ်ဆိုတာပကတိအတိုင်းကျလာတဲ့
ရုပ်မဲ့နာမ်အဖွဲ့အစည်းတစ်ခုဆို
အလုပ်တစ်ခုရဲ့ကံအကြောင်းတရားလို့ပြောလို့မရဘူးလား
ဇာတ်လမ်းတွေခင်းကြင်း
စိတ်နဲ့အကြောင်းပေါင်းသင့်ခိုင်းပြီး
ရယူဖို့ကြိုးစားခြင်းက
အဲဒါ...အတ္တတွေသာပြည့်နေတဲ့ဘဝတဲ့

ခက်တော့ခက်နေပြီ
ဒီလိုဆိုဘာကိုမှမရတော့ဘူးပေါ့
ခက်တာတော့ခက်နေပြီ
ဒီလိုဆိုချစ်ခြင်းကိုဘယ်လို ပုံသွင်းရပါ့
စိတ်ထဲမှာအချစ်ရှိတယ်
စိတ်ထဲမှာအမုန်းရှိတယ်
စိတ်ထဲမှာဥပက္ခာရှိတယ်
ဒီစိတ်ကပဲအာသဝေါ ကင်းပြန်တယ်တဲ့

ဒါဆိုဒီအရာတွေအားလုံးစိတ်ရဲ့အစွယ်အပွား
အတ္တဆိုတဲ့အခန်းကျဉ်းလေးထဲမှာရှိတယ်ဆိုရင်ကော....?
အမိပ္ပါယ်တွေဖွင့်ရလွန်းတော့လည်း
တစ်ခါတစ်ခါဒွိဟစိတ်တွေနဲ့နောက်ပြန်ဆွဲတွေးပြီး
အဝေးဆုံးကိုသာပြေးထွက်သွားချင်တော့တယ်
သူနဲ့ဝေးရာကို........။

အက္ခရာသင်္ချာည့်လွန်းလို့
အနိမ့်အမြင့်တွေ ပေါင်းတာနှုပ်တာတွေနဲ့
ခပ်ဝေးဝေးနေခဲ့ရာက
တံခါးခေါက်ဖို့မင်းအမြင့်ပေဘယ်လောက်လဲတဲ့
ခက်ပြီ...ဝါဒတွေနဲ့သက်ဆိုင်လားလို့
ပကာသနတွေပါဖက်ခဲ့ပြီ

ဒီမှာဗျ
အနိမ့်အမြင့်ဆိုတာထက်
အသွားအပြန်ရှိတဲ့အချစ်တစ်ခုအသက်ဝင်စေဖို့
အတ္တကြီးတတ်ဖို့ပဲလိုတယ်
အဲ......သေချာပြီအသက်တွေတင်ကြီးလာတာမဟုတ်
အတ္တတွေပါကြီးလာတာ........။ (ချိုကျ)

# ပကာသနယဉ်ကျေးမှု

တစ်ခါတစ်လေပေါ့ ငါဒီမှာနေရင်း
လေထုတွေကိုငွေရည်ဖွဲ့ပြီး ငါ့အိမ်ကိုလွှမ်းတယ်
ရှေးဟောင်းနှောင်းဖြစ်တွေပါပဲ
တစ်ခါတစ်လေတော့လည်း ငါ
သတိတရနဲ့မေ့နေတတ်ခဲ့တာပဲလေ
လည်ပတ်နေတဲ့ရာသီတွေ အချိန်တွေထဲ
လူတွေအရာဝတ္ထုတွေအားလုံးဗလုံးဗထွေးနဲ့
အတ္တတွေကပ်ငြိ ဟောင်းနွမ်းသွားကြတော့
ငါ့ကိုယ်ငါပဲ တရားချတယ်

ဘယ်သူမှမပေးခဲ့ပေမယ့် သမိုင်းကပေးတဲ့တာဝန်တော့
ငါကိုယ်တိုင် က ရမှာပေါ့
ခြွေရံသင်းပင်းနဲ့ ဆင်စီးပြီးမြင်းရံတာထက်
ခြေထောက်အောက်ကဖိနပ်ပြုတ်ထွက်မသွားဖို့ပဲလိုတယ်

တစ်ခါတစ်လေပေါ့ ပကာသနတွေနဲ့အထိုင်မကျတဲ့အခါ
လေထုတွေနဲ့အတူချစ်သူကိုလွှမ်းတယ်
ရှေးဟောင်းနှောင်းဖြစ်တွေပါပဲ
တစ်ခါတစ်လေတော့လည်း
ရောင်နီပွင့်လာတဲ့နေ့သစ်နဲ့
ဝင်သွားတဲ့နေလုံးကိုကြည့်ပြီး
ငါ့စိတ်ကိုငါ ကိုယ်တိုင်မျက်နှာသစ်
အဟောင်းတွေ အသစ်တွေကြားထဲ
နရီတေးသွားတစ်ခုနဲ့
ဘဝအမောတွေကို ထပ်ခါထပ်ခါမော့ချတယ်
ဒီလိုနဲ့ပဲစိတ်တွေကိုဝါးမြိုမယ့်

အဆိပ်လိုနေ့ရက်တွေထဲ
ဒဿနအိုတွေနဲ့ ငါ့ကိုယ်ငါ ပြန်ကယ်မ
မြင်မြင်သမျှအကောင်းအတိုင်းဖြစ်စေရဖို့
အဲဒီဝါဒရှုထောင့်ကနေလောကကိုဘဝနဲ့ မိတ်ဖွဲ့
ပကာသနယဉ်ကျေးမှုလမ်းမထက်မှာ ငါ......
ခရီးဆက်ရဦးမပေါ့ ။

(ချိုကျ)

## သောကခရီးသည်

အလွမ်းတွေကိုလှမ်းခြွေတဲ့
ရနံ့ဝေလေလှိုင်းသံမှာ
ပမ်းသမျှတွေကိုပြေ
အလွမ်းအိုတို့ကြွေကြလိမ့်မယ်......

မေတ္တာနယ်တစ်ဖက်စွန်းခြားလို့
ခင်ပျိုမယ်အမုန်းနယ်ခြားမှာ
ဒီကိုယ်တွေးသာကြောက်သမို့
စိုးရိမ်ကာဗျာပါရောက်ရတယ်
အကြောက်တရားကပို.....

ကံဇာတာမစွမ်းလေတော့
ပြည်ခြားကာလွမ်းဆွတ်ရတယ်
ဖွတ်အတင်းရယ်မပြန်နိုင်လေသမျှ
ကြမ္မာညွှတ်ကွင်းမှာမိတဲ့သမင်ငယ်........ (ချိုကျ)

## မိုးခါးရေများ၏အလွန်

ကမ္ဘာဂုဏ်ကျယ်ပေမယ့်
နေရတာဘုံနန်းမဟုတ်ဘူး
ဆန်းသစ်သောဇိမ်ခံပစ္စည်းတွေရှိပေမယ့်
ဒါတွေကိုသူမသိချင်ဘူး
ဟောဒီရှိနေတဲ့ဦးခေါင်းကသူ့တစ်ကိုယ်စာလုံးဖို့ထက်
အရာရာကိုဖူလုံစေဖို့လေ
ဒါသူ့အတွေး........
လေနီကြမ်းတွေတိုက်တဲ့နေ့က
အသိုက်မဲ့တဲ့ငှက်တစ်ကောင်ဆိုပေမယ့်
ငိုနေမယ့်သူတော့မဟုတ်ဘူး
သူ့အတွေးသူ့အသွေးနဲ့သူရေးခြစ်မယ့်မနက်ဖြန်
ဘဝမှန်တွေအပြည့်နဲ့ပေါ့
မာန၊အမှန်တရား၊သစ္စာ၊ဂရုဏာ
အတွေး၊ဝါဒ
ဒါတွေကိုဘယ်တော့မှခဝါမချဘူး
မိုးခါးတွေရွာလို့မိုးခါးရေမသောက်ဘူး
အကြောက်တရားနဲ့ဘယ်တော့မှမဖောက်ပြားဘူး
နူးညံ့တဲ့လက်အစုံကစုတ်ချက်ကြမ်းနဲ့
ပုံဖော်ရေးဆွဲနေခဲ့တာ......
မလှပပေမယ့်သဘာဝတော့ကျပါတယ်
ဟောဟိုအရပ်လေးမျက်နှာက
ဝင်လာကြတဲ့မှန်တိုင်းတွေ
စိတ်ဓာတ်ကျောက်တောင်တွေကိုတော့
ကျိုးကျေမွစေမှာမဟုတ်ဘူး
မိုးခါးရေတွေပတ်လည်ဝိုင်းနေတဲ့

Uploaded by http://sindecafe.com 

အတုယောင်လွတ်လပ်မှုတွေနဲ့ကျွန်း
သူကွန်းခိုနေထိုင်ခဲ့တာ
ဒါအမှန်တရားအတွက်ပါ
မှန်ကန်တဲ့ရသကိုရဖို့ဘဝကကုန်ကြမ်းဆိုရင်
လူ့ဘဝကိုရတာကောင်းတယ်ဆိုတဲ့အတွေးနဲ့
သူ့ကိုယ်သူစတေးခဲ့တာ
တစ်လောကလုံးနိုးထလာစေဖို့လေ...... (ချိုကျ)

## အတ္တစီးချင်း

မျက်ဝန်းနက်လှလှတစ်စုံက
အပြုံးတွေကိုသူခြွေချ
ကြယ်ကြွေညရဲ့အဲဒီနေ့ကပေါ့
ဖြတ်ခနဲ အတွေ့ လှစ်ခနဲ ဝင်လာတဲ့မုန်တိုင်းတစ်ခု
ပောဒီရင်ခွင်ကိုဗဟိုပြုရင်း
နှင်းဆီရယ်.......
အတ္တတွေကိုငါမျိုချရင်း
ငါ့နေ့သစ်တွေက ငါ့ကိုပြန်လှော်ခတ်သွားကြရဲ့
ဒီလိုစိတ်ဝါဒီ အစွဲအလမ်းတွေနဲ့လည်း
အမြဲလိုလို ဖြတ်သန်းခဲ့ရပေါ့
ချစ်လွန်းတော့လည်း ကြေ နစ်လွန်းတော့လည်း
သေမလိုပဲလေ.....
ခံစားလွန်းပြန်တော့လဲ အတ္တတွေက
ကြီးကြေမွ ခဲ့ပေါ့
တစ်ခါတစ်ခါ ခံစားမှုတွေက အတ္တတွေကိုထမ်းထုတ်
ပကတိ ကျောက်ရုပ်.......

တစ်ခါတစ်လေတွေးကြည့်တော့
ငါပြေးသွားလို့ရပါတယ်
မတ္တာတွေ ချစ်တာတွေနဲ့
အတ္တကိုခေါင်းစဉ်တတ်ပြီး
သူ့မြို့ရိုးရှေ့မှာ မတ်တတ်ရပ်ရတာက
ငါ့ကိုယ်ငါ နားလည်ရခက်တယ်
ဒီလိုပဲပေါ့.........
ငါရယ် ငါ့ အတ္တရယ် စီးချင်းထိုးတဲ့ပွဲ
နှလုံးသားကြကွဲသံ
ငါ့မနက်ဖြန်တွေကို တံခါးဆွဲဖွင့်တော့
နှင်းဆီရနံ့ တွေနဲ့ ငါ
နောက်တစ်ခါ ထပ်ရှုံးရပြန်ပေါ့............။ (ချိုကျ)

## မျက်နှာချင်းဆိုင်အတ္တ

ငါ့စိတ်တွေကိုအရည်ဖျော်ပြီး
ငါကိုယ်တိုင်သောက်ခဲ့တုန်းက
ငါဟာခါးသက်သက်အတ္တတစ်ခွက်ပါပဲ
ကြိတ်မှိတ်မျိုချခဲ့ရတဲ့အဲဒီနေ့ညကို
မနက်ဖြန်ထဲကပြန်လှည့်ကြည့်တော့
တူးတူးခါးခါးအတွေးများနဲ့
ခုတင်ထက်မှာရှုပ်ပွပြန့်ကျဲလို့

သူ့ဘဝသူကြောင်းပြီး
အခြေနေတွေအကြောင်းပေါင်းသင့်တာကို

ကမ္ဘာပျက်သလိုထိုင်ကြည့်မိတာကိုက
ငါ့ကိုယ်ငါအတ္တတံခွန်ထူနေသလိုပဲ
တိတ်ဆိုတိတ်နလုံးခုန်သံကိုတံခါးပိတ်နိုင်းတော့
တစ်ဒိတ်ဒိတ်နဲ့နလုံးခုန်သံက
ပြန်ချောက်လှန့်လို့လေ

ကဲ.......
နှင်းဆီရေ
နင်နဲ့ငါနဲ့ကမိုးပေါ်ကကျလာတဲ့ဖန်တီးမှုတစ်စမဟုတ်သလို
ဘယ်နတ်မင်းကိုမှတိုင်တည်နေဖို့လိုမယ်မထင်ဘူး
မျက်နှာချင်ဆိုင်ကိုယ်အခြေအနေကိုယ်လက်ထဲမှာကိုင်ပြီး
စိတ်ကူးတွေကိုအတောင်တပ်
ကိုယ်ပိုင်အနာဂတ်တွေနဲ့
မျက်နှာအပ်လိုက်ကြစို့......

(ချိုကျ)

# သူငယ်ချင်းသို့

အကာအရံတွေကိုဖယ်ရင်း
နင်.. ငါ.. သူငယ်ချင်းပေ့ါ
ဖြစ်ပျက်ပုံချင်းမတူကြပေမယ့်
ခံစားမှုမှန်သမျှဒီဘဝမှာ
ဝေမျှလို့ရမပေ့ါ....
နားလည်မှုတွေကိုယ်ဆီပေး
နောက်ကျိနေတဲ့ဦးနှောက်တွေလဲ
ဒီမှာဆေးလို့ရပါ၏...

ပူလောင်တဲ့မတ္တာကို
ဖြူစင်တဲ့သစ္စာတွေနဲ့ဖယ်ခွင်း
သံသယကင်းကင်းနဲ့ခင်ကြစို့ပေါ့
သူငယ်ချင်းရေ......

လောကရဲ့တစ်ချို့ပညတ်ချက်တွေက
ခင်မင်မှုတွေကိုခါးသက်စေတယ်ကွဲ့
အတွေးတွေများနင်တစ်ယောက်မှားခဲ့ရင်
ဒီကဗျာသံစဉ်တွေထဲ
နင်တစ်ယောက်ပြောင်းလဲနိုင်ပါစေ......

## အသဲကွဲမျက်ရေ

အလွမ်းတို့ရဲ့ညဉ်ယံမှာ
ဒေါသတွေပြည့်လျှံနေတဲ့ငါ့ရင်ခွင်
နှလုံးသားသံစဉ်တို့ကြိုးညှိမရတာ
ထိရှခဲ့တဲ့ဝေဒနာတစ်ခုကြောင့်ဆို
ငါ့ကိုယ်ငါပြန်သနားရမလား
ဘဝခါးခါးတွေက အိပ်မက်ချိုကိုလိုချင်
အချစ်တွေကိုကျူးသွင်းမိတဲ့ ဒီရင်ခွင်လောက်
အစိတ်အတောက်တွေပဲရခဲ့တာ
မထူးဆန်းလှဘူး....
အနိမ့်အမြင့်မတူတဲ့ဘဝ
ဖြတ်သန်းရပုံချင်းမတူမှတော့
ကြည်ဖြူဖို့ဆိုတာဝေလာဝေးပေါ့
ငွေရှိနေသမျှသူတို့တွေရဲ့ဘဝ

အရာရာကိုစိတ်တိုင်းကျချယ်လှယ်
မလိုမုန်းထားအတွေးများနဲ့
နလုံးသားကိုပါရောင်းစားကြတယ်လေ....
ဖွတ်ကလိဒင်္ဂါးတွေအပေါ်သူတို့ရှုးသွတ်မှု
တစ်လဝလုံးဦးညွတ်နေသမျှတော့
ဒီဘဝဒီမျှနဲ့ပဲချစ်သူရေ...
အသဲကွဲမျက်ရေတွေ.....မဝေစတမ်းပေါ့

(ချိုကျ)

# အမှောင်ထဲကလူ

လောကရဲ့ဓမ္မတာမှသာဝါဒ
လူတွေယုံတမ်းဖွဲ့ပြောကြတာ
အတ္တအစိုင်အခဲတွေက
ပောဟိုရင်ဘတ်ထောင့်နားမှာ...

နေ့တစ်နေ့ရဲ့အသစ်
ဖုတ်ဖတ်ခါပြီးမျက်နှာသစ်ကြ
ဒီဘဝကသမာရိုးကျလား????

လမ်းဟောင်းအတိုင်းသွားလို့
သူတို့ရိုးလာကြရင်
ကိုးကွယ်စရာအသစ်ကိုရှာ
ဒါဟာအမှန်အရားပါတဲ့

ညစ်ထပ်ထပ်စိတ်တွေနဲ့
လောဘတောနက်ထဲသောကတွေကပ်
ဇာတေွကအထပ်ထပ်
ဒီလိုနဲ့....

စိုက်လိုက်မတ်တပ်ဘဝတွေပျက်ရင်း
အမိုးကျက်တော့အမိုးစား
ခေါင်းကျက်တော့ခေါင်းစား
လောကပါလတရားဆိုတာ
ကွမ်းတစ်ရာဝါးတာလောက်
အရေးမပါဘူးတဲ့....

တစ်ချို့တစ်ချို့တွေက
ငြိမ်းချမ်းရေးအတွက်အသက်ကိုစတေး
လူမှုရေးအတွက်အချိန်တွေပေးနေသလောက်
အကြောက်တရားဆိုတာ
စိတ်ဓာတ်တွေဖောက်ပြားရတာလောက်
ပျော်မွေ့စရာသိပ်မကောင်းလှဘူးတဲ့

အဲဒီလို...ဒီလို....
မြေမြို့မဲ့အတွေးနဲ့
ဘဝတွေကိုစတေးနေလဲ
ငရဲဆိုတာအလံတစ်လူလူနဲ့
အဲဒီ..အမှောင်ထဲကလူတွေအတွက်ပေါ့....

(ချိုကျ)

## ရင်ခုန်သံတမ်းချင်း

အရှူးအမူးနဲ့အချစ်ကိုရှာ
သာယာမယ်လို့ထင်
တစ်ကယ်တမ်းဆေးဖက်မဝင်မှတော့
ထွေးထုတ်တာကမှတော်ကာကြလိမ့်မယ်
သူ့အတ္တမာယာကငါ့ဘဝကိုခြုံခြာ
ငါ့နလုံးသားလဲနုတ်ခမ်းကိုပြာလို့
ကြေကွဲခြင်းဆိုတာတွေအထပ်ထပ်ပုံ
အဲဒီစောင်တွေကိုခြုံပြီး
နလုံးခုန်သံကိုပြန်ကုစား
ထုသားပေသားကြတဲ့ဘဝ
တစ်ခေါက်လောက်များပြန်ရလေမလားရယ်လို့
လာရာလမ်းကိုပြောင်းပြန်လှန်
ဟိုး....ဘဝအစရင်ခုန်သံ
ကနဦးညဉ့်ယံတွေမှာတော့
လမင်းကတစ်ဝက်တစ်ပျက်သာခဲ့ပေါ့.... (ချိုကျ)

## မိုင်တိုင်နှစ်ဆယ့်ရှစ်

ဟိုးနောက်မှာကျန်ခဲ့တဲ့မိုင်တိုင်တော်တော်များများက
ဘဝရဲ့အစတွေပဲပေါ့....
မသိခြင်းကိန်းတွေနဲ့လူ့ဘဝကိုနားမလည်ခဲ့တာ
အတွက်ခက်တဲ့ပုစ္ဆာတွေလိုပဲ
ဖြစ်ဖြစ်သမျှအစဉ်သင့်ခဲ့ရလို့
ဘဝကိုအတိုချုပ်ပဲတွေးမိတယ်။

ဒီလိုနဲ့
စိုက်ထူခဲ့တဲ့မိုင်တိုင်တွေ
တစ်ဖြေးဖြေးနဲ့ရှည်လျား
လေကရဲ့မာယာထဲမှာစတင်မျောပါခဲ့ပြီ...
ပြုံးတစ်လှည့်ရှုံးတစ်လှည့်
နိုင်တစ်လှည့်မှိုင်တစ်လှည့်နဲ့
အော်ပရာဇတ်တစ်ခုက
တော်ရာမှာကရတဲ့ဇတ်ရုပ်တစ်ခုလို
ရေရာတဲ့တစ်နေရာစာကိုမရှိခဲ့ဘူး။
မီးတုတ်ကိုထမ်းဓားရမ်းဝင်ခဲ့တဲ့ငါ့ကံကြမ္မာ
ပဟေဠိကျားကွက်တွေထဲမှာမတ်မတ်ရပ်ရင်း
သင်္ကာရစ်တွေကိုဖြို လူတစ်ယောက်လိုတွေးမိတယ်။
မာယာများတဲ့ကောင်းကင်အောက်
အခုရောက်တဲ့ မိုင်တိုင်နှစ်ဆယ့်ရှစ်
ဘဝအတွက်အသစ်အသစ်တွေဖြစ်တည်ဖို့
အတွေးတွေကိုခြနင်း
ငါခင်းကြင်းထားတဲ့ပြတင်းပေါက်တွေကတစ်ဆင့်
ဒုက္ခတွေနဲ့စစ်ခင်း
တတိယမြောက်ပင်ခြေရင်းမှာ
အသက်ကိုခပ်ပြင်းပြင်းရှူသွင်းမိတယ်.....

( လွမ်းငွေ့ပြေပန်းတံတား)
ဟိုတစ်ဖက်ကမ်းနဲ့ဒီတစ်ဖက်ကမ်း
ရင်ခွင်တစ်ဖက်ခြမ်းဆီ
တမ်းတမှန်းမျှော်နေရုံနဲ့
ဒီအလွမ်းမြစ်ရေတွေက
ခမ်းသွားမှာမှမဟုတ်တာ
ဘဝရဲ့လမ်းတွေကြမ်းတမ်းပါစေ...

တစ်ခမ်းတစ်နားနဲ့
လွမ်းငွေ့ပြေပန်းတံတားကို
ဒို့ဆောက်ကြပါဆို့....
ပေါဟိုတောင်အထက်နားဆီက
လွမ်းဒုက္ခတွေဝေစေမယ့်
တောင်ကြရေတွေစီးဆင်းဦးတော့
ချစ်ခြင်းတွေကိုခင်းကြင်း
အသက်နဲ့ရင်းပြီးတည်ဆောက်မယ်...... (ချိုကျ)

## သူသိနေပါစေ

ပေါ့ပျက်ပျက်စကားလုံးတစ်စုနဲ့
ပျက်ရယ်ပြုခဲ့လို့
အချစ်တွေကိုမျက်ကွယ်ပြုခဲ့ရတာ
သူသိနေပါစေ......
ကံကြမ္မာနလုံးသားရေးလမ်းက
ခပ်ကြမ်းကြမ်းရိုက်ပုပ်ခဲ့လို့
အလွမ်းတွေနဲ့ပွေ့ဖက်ခဲ့ရတာ
သူသိနေပါစေ.......
လှည့်စားခြင်းတွေရဲ့နောက်
နလုံးသားဟာသွေးချင်းချင်းနီရဲခဲ့လို့
ဘဝဟာမြစ်ကျိုးအင်းဖြစ်ခဲ့ရတာ
သူသိနေပါစေ........
ပေါဒီငါ့မာနတွေကိုရိုက်ချိုး
သူပြန်လာလိမ့်နိုးနဲ့
မျှော်ကိုးနေခဲ့ရတာကိုလဲ
သူသိနေပါစေ........

လှည့်စားကာမာယာတွေနဲ့ပြုံးနေလဲ
အဆုံးထိရင်ကိုခွဲ
ချစ်နေဆဲပဲဆိုတာကိုလဲ
သူသိနေပါစေ......... (ချိုကျ)

## ဦးခေါင်းခွံများ

ဟောဒီအရပ်လေးမျက်နှာမှာ
ပုပ်အဲ့အဲ့အတွေးတွေနဲ့
လေထုကိုညစ်ညမ်းစေတာ
နှစ်တွေအတော်ကြာခဲ့ပြီ
အခွံတွေအထပ်ထပ်နဲ့ဘဝတွေကို
ဘဝအမောတွေနဲ့ခစားစေတာ
ကမ္ဘာမြေကတောင်လက်မှိုင်ချရမလောက်ပဲ
ကောက်ရိုးမီးတွေလိုတစ်ငွေ့ငွေ့နဲ့စိတ်တွေ
အတိတ်လေပြေတွေကိုပဲလိုက်ဖမ်းနေတာ
အရှေ့ဆီကိုမမှန်းမျှော်တတ်ကြတော့ဘူး
ရိုးသားမှုတွေထဲကကြိုးစားမှုတွေ
နိုးကြားသမှုမပြုကြတော့ဘူးလား
မျက်နှာများတဲ့စိတ်တွေက
ခံယူချက်အမျိုးမျိုးကိုလိုရာပုံသွင်းပြီး
အမှန်တရားတံစိတ်ခပ်နိုပ်နေကြတာ
လောကကြီးကသြချမလောက်ပဲ
ဦးခေါင်ခွံတွေနဲ့အတွေးတွေကို
သွန်ချနေသမျှတော့သဲထဲရေသွန်တာမှ
တစ်ခဏတော့အရာထင်လိမ့်မယ်....... (ချိုကျ)

# အချစ်ရောင်ရင့်ရင့်

ဟောဒီအဖြူရောင်ရင်ဘတ်ပေါ်မှာ
အချစ်ရောင်ရင့်ရင့်ကိုတင်ခဲ့တုန်းကပေါ့
စွန်းထင်းသွားတဲ့စိတ်တွေ
ရှက်ကြွေတွေလိုမဝေနိုင်တော့ဘူး
ရှုးသွပ်ခဲ့တုန်းကဒီဘဝမှာငါပျော်တယ်
စွန်းထင်းနေလျှက်ကသူခြွေရက်လိမ့်မယ်လို့တော့
ငါမထင်မိဘူးလေ......
အချစ်ရောင်ရင့်ရင့်နဲ့
ဘဝကိုတည်ဆောက်ခွင့်ရရင်
ထာဝစဉ်ထာဝစဉ်ပါပဲလို့ထင်ခဲ့တာ.......
ဒီလိုနဲ့အချစ်အချစ် ဆိုပြီး
အပြစ်တွေနဲ့သူပြုစားခဲ့တာ
အချစ်ကိုမျက်ကွယ်ပြုရင်း
ညစ်ကျယ်ကျယ်အတွေးတွေနဲ့
တွန်းကန်ဖို့ကြိုးစားခဲ့တာ
ဟောဒီရင်ဘတ်ထဲကနာမိတယ်
ကံကြမ္မာရယ်၊ဇာတာရယ်၊နှလုံးသားရယ်က
အရှုံးများပဲရစေခဲ့တာ
ဘဝရဲ့အလကာ်တွေတောင်သေ့ခြောက်လို့...... (ချိုကျ)

# နတ်သမီးကောက်ကြောင်း

ကျေးလက်ဆန်ဆန်အနမ်းတစ်ခုနဲ့
လူတွေရဲ့ရင်ထဲကိုသူယုယပေးခဲ့တာ
မြို့တော်မဟာလို့မတွင်ပေမယ့်
အသင်ဟာနတ်သမီးတစ်ပါးပါပဲ.....
ရာသီခွင်သုံးပါးနဲ့အတူ
အသင်တည်နေပုံက
မြို့ပြမဆန်ပေမယ့်
လက်ခံအားကျစရာကောင်းတာအမှန်ပါ....
သမိုင်းတွင်မယ့်ရာဇဝင်တွေနဲ့
သင်အစဉ်ပြေတဲ့အရပ်မှာ
သင်နေထိုင်ခဲ့တာ
နှစ်ပေါင်းရာချီကြာခဲ့ပြီပဲ...
အသင်ဖြစ်တည်ရာရှေ့ခရီးလမ်းက
အနောက်ယုက်မှန်သမျှကို
သင်နှင့်တကွဖြေရှင်းကြမယ့်
ခရီးသွားရောင်းရင်းတွေလဲရှိပါရဲ့.....
သဏ္ဍာရာဇ်တွေတိုက်စားလို့
အသင်အိုဟောင်းသွားခဲ့ရင်တောင်
ပြိုလဲမသွားနိုင်ပါဘူး

(ချိုကျ)

# လှေငယ်ရှင်

စကားလုံးလှိုင်းတွေကြောင့်
လူးလွန့်ခဲ့တဲ့လှေငယ်
စကားလုံးတွေဘယ်ဆီရောက်ရောက်
ဦးတည်ချက်ပျောက်မသွားပါစေနဲ့
မုန်တိုင်းတွေကြားထဲက
မင်းဘဝခရီးလမ်း
ဘယ်လောက်ကြမ်းတမ်းပါစေ
လှိုင်းကြီးတော့လှေအောက်
လှေမမှောက်အောင်ကြိုးစားပါ
ဟိုးတုန်းက......
စပျစ်သီးကိုမရလို့
ချဉ်ခဲ့ရတဲ့အတွေး
မင်းလေးသိထားပါစေ
အပင်ပေါ်မှာတင့်တယ်နေတဲ့ဘဝ
စကားလုံးတွေနဲ့ပုတ်ချလို့
ကြွေကျခဲ့ရင်
မြေခသွားမှာသေချာတယ်
လှေငယ်ရှင်ရေ......
သတ္တိတွေကိုမွေးဖွား
အတွေးများတွေကိုစွန့်
နေ့တစ်နေ့ရဲ့ရောင်နီအကွန့်မှာ
အမှန်တရားကိုရင်ဝယ်ပိုက်
လှေငယ်ရှင်နှစ်ချိုက်စွာ
နိုးထပါလေ....... (ချိုကျ)

# ဘဝတစ်ခြမ်း

နင့်အတွက် အဆုံးတဘက်မှာ
ငါ့ကံကြမ္မာ အသက်ဝင်သွားပြီ
နှစ်သိမ့်မှု့အရိပ်အောက်က
အပင်ပေါက်ခဲ့ရတဲ့ အဆိပ်အတောက်တွေလား
မျက်တောင်ဖျားလေးအဆုံးက
နင့်ဘဝလိုအပ်ချက် တသက်စာငါမြင်နေရတယ်
နေတစ်ခြမ်း လတစ်ခြမ်းနဲ့
လျှောက်လှမ်းခိုင်းတဲ့လမ်းတွေထဲ
ဆူးတွေပါဖြန့်ကျဲလို့
အိုကွာ...
ဒါဟာငါ့အတွက်တော့
သကာရည်ဆမ်းထားတဲ့ ဘတစ်ခြမ်းပါပဲ ။ ။ (ချိုကျ)

အားကို အထူးပဲ ကျေးဇူးတင်ပါတယ်....

**ဆင်တဲကဖေး မိသားစု ...**